# Highlights from DVB Debate's Party Tensions and Elections

## August 29, 2015

## "Will Party Tensions change Voting Behavior?"

"ပါတီရဲ့ ကိုယ်စားလှယ်လောင်းရွေးချယ်မှုမှာ သဘောထားကွဲလွဲတာတွေရှိတယ် ဒါအရှိတရား။ ပါတီမှာ တည်ဆောက်ရေး၊ စီမံခန့်ခွဲမှု အားနည်းချက်တွေ အတော်အသင့်ရှိပါတယ်။ ဒါပေမယ့် ကျနော်တို့ပါတီဟာ တလျှောက်လုံး ဖိနှိပ်ခံခဲ့ရမှုတွေ၊ နှိမ်နင်းမှုတွေကို ကြံ့ကြံ့ခံပြီး ရပ်တည်ခဲ့တဲ့ ပါတီရဲ့ စိတ်ဓာတ်ကပဲ လာမယ့် ရွေးကောက်ပွဲမှာ အဖြေပေးပါလိမ့်မယ်"

မုံရွာအောင်ရှင် - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင်

---

"နိုင်ငံရေးအခင်းအကျင်းတခု တည်ဆောက်နိုင်မှုအတွက် ကျနော်တို့ပါတီအနေနဲ့ ယုံကြည်မှုရှိတယ်။ ပဋိပက္ခတွေရှိတယ်၊ သည်းမခံနိုင်တာတွေကို သည်းခံနိုင်အောင်ကြိုးစားနေဆဲပါ။ ပါတီအကွဲအပြဲမဖြစ်အောင်လည်း အားလုံးကို ပြန်ထိန်းပါတယ်။ ပါတီရဲ့ အားနဲ့ပဲ အပြောင်းအလဲလုပ်ရမှာ"

ဒေါက်တာအေးမောင် - ရခိုင်အမျိုးသားပါတီ ဥက္ကဋ္ဌ

---

"အာဏာရပါတီရော အတိုက်အခံပါတီတွေမှာ ပါတီတွင်းစည်းမျဉ်းစည်းကမ်း ခိုင်ခိုင်မာမာ မရှိသေးဘူး၊ ရှိချင်တော့ရှိမယ် ဒါပေမယ့် အဲဒီအတိုင်း မလုပ်ကြဘူး။ ဒါပေမယ့် ပါတီတွင်း တင်းမာမှုတွေရှိကြပေမယ့် ပါတီတခုသီးသန့်ကွဲထွက်သွားတာ မရှိတော့..ပါတီတွင်းတင်းမာမှုတွေက ရွေးကောက်ပွဲအပေါ် သက်ရောက်မှု အနည်းအကျဉ်းပဲရှိမယ်။"

ဦးရဲထွန်း(သီပေါ) - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

---

"ခေါင်းဆောင်ပိုင်းအပြောင်းအလဲက ပါတီတွင်း သက်ရောက်မှုရှိပါတယ်။ ဒါပေမယ့် အာဏာသိမ်းတာ မဟုတ်ဘူး. ခေါင်းဆောင်ပိုင်း ပြောင်းလဲဖို့ ညီလာခံမခေါ်နိုင်သေးခင်မှာ CECတွေခေါ်ပြီး ပြောင်းလဲမှုလုပ်နိုင်တယ်။ ကျနော်တို့ပါတီရဲ့ ဖွဲ့စည်းပုံကို ဖျက်လိုက်မှသာ အာဏာသိမ်းတယ်ခေါ်မယ်၊

ပါတီစည်းမျဉ်းအတိုင်းလုပ်တာဖြစ်လို့ ဒီအခြေအနေက ရွေးကောက်ပွဲအပေါ် သက်ရောက်မှုရှိမယ် မထင်ပါဘူး”

ဦးသောင်းကျော် - ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

---

“ပါတီတွင်းမကျေနပ်ကြတာပါ အာဏာရပါတီမှာရော အတိုက်အခံပါတီမှာပါ.ပါတီ သီးသန့်ထောင်တာမျိုး ၂ ခြမ်းကွဲတာမျိုးမဟုတ်ပါဘူး။ ဒီတော့ မြေပြန့်ဒေသက လူထုက ယေဘုယျအားဖြင့်တော့ သူတို့ဘယ်သူ့ကို မဲပေးမယ်ဆိုတာ စဉ်းစားထားပြီးသား။ ကိုယ်စားလှယ်ရွေးချင်မှု မကျေနပ်လို့ အန်အယ်လ်ဒီကို မဲမထည့်တော့ဘဲ ပြည်ခိုင်ဖြိုးဘက်ပဲ မဲထည့်တော့မယ်ရယ်တော့ မရှိလောက်ဘူးဗျ”

ဦးရဲထွန်း(သီပေါ) - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

---

“ဦးရွှေမန်းကိစ္စမှာ တပ်သည် တစုံတရာသောစိုးရိမ်မှုကြောင့် နိုင်ငံရေးကစားကွက်ရွှေ့လိုက်တယ်။ ခေါင်းဆောင်ပိုင်းအပြောင်းအလဲလုပ်လိုက်တယ်..ဒါပေမယ့် သိပ်မပီပြင်တော့ အရုပ်ဆိုးသွားတာပေါ့”

ဒေါက်တာ အေးမောင် - ရခိုင်အမျိုးသားပါတီ ဥက္ကဋ္ဌ

---

“အာဏာရပါတီရော အတိုက်အခံပါတီရော ခေါင်းဆောင်ပိုင်းတွေက သဘောထားကွဲလွဲကြ၊ ရန်ဖြစ်နေကြတော့ ပြည်သူက ဘာလုပ်ရမှန်းမသိဘူး။ ညီညွတ်ရေး၊ သင့်မြတ်ရေးပြောနေပြီးတော့ သူတို့ကိုယ်တိုင် မတည့်ဖြစ်နေကြတော့ ပြည်သူက ဘယ်သူ့သွားအားကိုးရမလဲ။ ပါတီတွင်းတင်းမာမှုတွေက ပြည်သူကို ရိုက်ခတ်မှုရှိပါတယ်။”

ဦးမြင့်ဆွေ - ပြည်ထောင်စုဒီမိုကရေစီပါတီ

---

“ပါတီတွင်းတင်းမာမှုတွေက ရွေးကောက်ပွဲအပေါ်သက်ရောက်မှုရှိတယ်။ ပြည်သူအပေါ် အရှိန်နဲ့ရိုက်ခတ်တယ်။ ပြည်သူက ဘယ်သူ့ရွေးရမယ်၊ ဘယ်သူဟာ အပြောင်းအလဲလုပ်နိုင်တယ် ဝေခွဲမရဖြစ်သွားပြီ”

ဦးအောင်သန်း - ခေတ်သစ်ပြည်ထောင်စုပါတီ

---